# ကျွန်ုပ်ရင်သွေး၏ အကြား အာရုံစစ်ဆေးမှုနှင့်ပတ်သက်၍ မည်သည်တို့ကို သိရှိထားရန် လိုအပ်သနည်း။



အကြားအာရုံစစ်ဆေးမှုသည် ဘေးကင်းပြီး သင့်ကလေးကို မနာကျင်စေပါ။ ကလေးအများစုသည် အကြားအာရုံစစ်ဆေးမှု အတွင်း အိပ်ပျော်နေတတ်ကြပါသည်။

အကြားအာရုံစစ်ဆေးမှုသည် 10 မိနစ်ခန့် ကြာမြင့်ပါသည်။

အကြားအာရုံစစ်ဆေးမှုသည် တိုးသက်ညင်သာသော အသံများကို သင့်ကလေး ကြားနိုင်စွမ်းရှိ၊ မရှိ အမြန်စစ်ဆေးခြင်း ဖြစ်ပါသည်။ ၎င်းတို့သည် ဘာသာစကား လေ့လာသင်ယူရန်အတွက် အဆိုပါအသံများကို ကြားရရန် လိုအပ်ပါသည်။

သင် ဆေးရုံမဆင်းမီ သင့်ကလေး၏ရလဒ်များကို ရရှိပါမည်။

**မိသားစုများအားလုံး ဤလမ်းညွှန်ချက် 1-3-6 ကို လိုက်နာရန် အကြံပြုအပ်ပါသည်-**

**1** မွေးကင်းစကလေးများအားလုံးသည် အသက် 1 လမပြည့်မီ အကြားအာရုံစစ်ဆေးမှုကို ခံယူသင့်ပါသည်။

**3** မွေးခါစကလေး ကနဦး အကြားအာရုံစစ်ဆေးမှုကို မအောင်မြင်ခဲ့သော မွေးကင်းစကလေးများအားလုံးသည် အသက် 3 လမပြည့်မီ အကြားအာရုံပိုင်းဆိုင်ရာ ပညာရှင်၏ ဆန်းစစ်အကဲဖြတ်မှုကို ခံယူသင့်ပါသည်။

**6** အကြားအာရုံချို့ယွင်းမှု ခံစားနေရသည်ဟု ဖော်ထုတ်တွေ့ရှိသော မွေးကင်းစကလေးများသည် အသက် 6 လမတိုင်မီ တတ်နိုင်သမျှအစောဆုံး ငယ်ရွယ်စဉ်ကုသခြင်း ဝန်ဆောင်မှုများကို စတင်ခံယူသင့်ပါသည်။

အဆိုပါလမ်းညွှန်ချက်များကို မွေးကင်းစကလေးငယ်များအတွက် ငယ်ရွယ်စဉ် အကြားအာရုံစစ်ဆေးခြင်းနှင့် ကုသခြင်း (Early Hearing Detection & Intervention, EHDI) ပရိုဂရမ်အား ဦးဆောင်လမ်းညွှန်လျက်ရှိသော အမေရိကန် ကလေးဆေးပညာ အကယ်ဒမီ (American Academy of Pediatrics) ၏ မွေးကင်းစကလေး အကြားအာရုံပိုင်းဆိုင်ရာ ဖက်စပ်ကော်မတီ (Joint Committee on Infant Hearing) က အကြံပြုထားခြင်း ဖြစ်ပါသည်။

သင့်ကလေးအား အကြားအာရုံစစ်ဆေးခြင်းနှင့်ပတ်သက်၍ မေးမြန်းလိုသည်များရှိပါက သင်၏ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံ ဆက်သွယ်ပါ။

ထပ်လောင်းအချက်အလက်များအတွက်- **health.ny.gov/EHDI**

NEW YORK STATE | **Department of Health**

21569 (Burmese) 11/24